# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၆၉ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
# [၁၉၆၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]
# ၁၃၃၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်။
# (၁၉၆၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်။)

အောက်ပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၉ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်စေရမည်။

၂။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ ရငွေအားလုံးကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေသို့ထည့်သွင်း၍၊ တော်လှန်ရေးကောင်စီ နှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံး၏ အသုံးစရိတ်အားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ ။(၁) ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် စုစုပေါင်းကျပ်ငွေ ခြောက်ရာကုဋေအထိ၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံ စာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ ငွေချေးသောအခါ၊ မိမိသင့်သည် ထင်မြင်သည့်အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသော ငွေအားလုံးကို၊ တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာ ရံပုံငွေတွင် ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့်ချေးငွေများအတွက် ပြန်ဆပ်ရန်ငွေရင်းနှင့် အတိုးကိုင်း၊ ကုန်ကျသည့် စရိတ်ငွေများကိုင်း တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ပေးရမည်။

၄။ ။ အောက်ပါ ဇယား၏ ဇယားကွက် (၂) တွင် ဖော်ပြရာပါ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး ကောင်စီ ဘဏ္ဍာရေးကော်မီတီနှင့် ပုဂ္ဂိုလ်အသီးသီးသည်၊ မိမိနှင့်တပြေးတည်းဖော်ပြထားသော အသုံးစရိတ်များအတွက် ဆက်လက်၍ဖော်ပြသည့် ငွေစုစုပေါင်းအထိ၊ တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

Myanmar Law Information System (MLIS)

| အမှတ်စဉ် | တာဝန်ခံသည့် ကော်မီတီနှင့် ပုဂ္ဂိုလ်များ | အသုံးစရိတ်အမည် | စုစုပေါင်းငွေ | ရည်ညွှန်း သည့် နောက်ဆက်တွဲ ဇယား |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး ကောင်စီ၊ ဘဏ္ဍာရေးကော်မီတီ။ | တော်လှန်ရေးကောင်စီ ၏အသုံးစရိတ်များ။ | ၅,၇၄,၀၃,၀၅၀ | နောက်ဆက်တွဲ ဇယား (က)။ |
| ၂ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာနဝန်ကြီး။ | အစိုးရဌာနများနှင့်ဌာန ခွဲများ၏အသုံးစရတ် များ။ | ၁,၇၆,၇၅,၂၂,၀၁၀ | နောက်ဆက်တွဲ ဇယား (ခ)။ |
| ၃ | ရှမ်းပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ရှမ်းပြည်နယ်၏ အသုံး စရိတ်များ။ | ၃,၀၄,၇၁,၆၆၀ | နောက်ဆက်တွဲ ဇယား (ဂ)။ |
| ၄ | ကချင်ပြည်နယ်ဦးစီး အဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ အသုံးစရိတ်များ။ | ၁,၆၄,၅၂,၅၃၀ | နောက်ဆက်တွဲ ဇယား (ဃ)။ |
| ၅ | ကယားပြည်နယ် ဦးစီး အဖွဲ့ဥက္ကဋ္ဌ။ | ကယားပြည်နယ်၏အသုံး စရိတ်များ။ | ၄၇,၂၉,၆၀၀ | နောက်ဆက်တွဲ ဇယား (င)။ |
| ၆ | တော်သူးလေဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | တော်သူးလေ၏အသုံး စရိတ်များ။ | ၁,၁၄,၇၉,၄၇၀ | နောက်ဆက်တွဲ ဇယား (စ)။ |
| ၇ | ပြည်ထောင်စု မြန်မာ နိုင်ငံတော်လှန်ရေး အစိုး ရဘဏ္ဍာရေးဌာနဝန်ကြီး | အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေး ရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အ စည်းများ၏အသုံးစရိတ် များ။ | ၇,၃၁,၀၆,၆၂,၄၀၀ | နောက်ဆက်တွဲ ဇယား (ဆ)။ |
| ၈ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေး ဌာနဝန်ကြီး။ | အစိုးရလက်အောက်ခံ ဒေသန္တရအဖွဲ့အစည်းများ၏ အသုံးစရိတ်များ။ | ၇,၆၇,၂၃,၄၀၀ | နောက်ဆက်တွဲ ဇယား (ဇ) |

Myanmar Law Information System (MLIS)

ပုံ) ဗိုလ်နေဝင်း

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

အမိန့်အရ

(ပုံ) ဗိုလ်မှူးကြီးကိုကို

အတွင်းဝန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရအဖွဲ့။

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား (က) တော်လှန်ရေးကောင်စီ၏အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲ ဇယား အစိုးရဌာနများနှင့် ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

Myanmar Law Information System (MLIS)